**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်**

**(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူး ကျား(၂၅) နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း ( ၄၀ ) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ၃၁-၈-၂၀၂၄ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်( ၂၈ ) နှစ် ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက် ( ၃၀ ) နှစ် ထက် မကျော်လွန်ရ။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

( င ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

( စ ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

( ဇ ) အောက်ပါ ဘွဲ့/ မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]၊မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A (English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ [B.A (EPP)]

(၃) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) ၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [ M.Sc (Computer Science)]

(၄) ဥပဒေဘွဲ့ (LL.B)၊ မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ ဘောဂဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့ [M.Econ.(stats)]/ စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (BBA)၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု

ပညာမဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (MPA)/ လူဦးရေပညာဘွဲ့(BPS)၊ လူဦးရေပညာမဟာဘွဲ့(MPS)

(၆) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ဂျာမန်ဘာသာ) [B.A(English, Thai, Japan, Korea, China, French, Russia, German)]၊မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ ဂျာမန်ဘာသာ)[M.A (English, Thai, Japan, Korea, China, French, Russia, German)]

(၇) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A (IR)]

(၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E.(Textile)] ၊ မဟာအင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့် အထည်) [M.E. (Textile)]

(၉) အင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [B.E. (Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [M.E. (Mechatronic)]

(၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု) [B.E. (Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှု) [M.E.(Mechnical)]

(၁၁) အင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E. (Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E. (Civil)]

(၁၂) အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ)[B.E. (Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E. (Information Science and Technology)]

(၁၃) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E. (Information Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E. (Information Technology)]

(၁၄) အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E. (Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E.(Computer Engineering)]၊

(၁၅) သိပ္ပံဘွဲ့ (ရူပဗေဒ) [B.Sc (Phys)] ၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) [M.Sc (Phys)]

(၁၆) သိပ္ပံဘွဲ့ (ဓါတုဗေဒ)[ B.Sc (Chem)] ၊ မဟာသိပ္ပံဘွဲ့ (ဓါတုဗေဒ) [M.Sc (Chem)]

(၁၇) သိပ္ပံဘွဲ့ (သင်္ချာ) [B.Sc (Maths)] ၊ မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc (Maths)]

(၁၈) သိပ္ပံဘွဲ့(ရုက္ခဗေဒ) [B.Sc (Botany)] ၊ မဟာသိပ္ပံဘွဲ့ (ရုက္ခဗေဒ) [M.Sc (Botany)]

(၁၉) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc (Zoology)]၊မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)[M.Sc (Zoology)]

(၂၀) သိပ္ပံဘွဲ့ (ဘူမိဗေဒ)[B.Sc (Geology)]၊ မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ) [M.Sc (Geology)]

(၂၀) သိပ္ပံဘွဲ့(ကုန်ထုတ်ဓါတုဗေဒ)[B.Sc (IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓါတုဗေဒ) [M.Sc (IC)]

(၂၂) စိုက်ပျိုးရေးသိပ္ပံဘွဲ့ [B.Agr.Sc (Agriculture Science)] စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၂၃) သိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[B.Sc(Environmental Science)]
မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[M.Sc(Environmental Science)]

(၂၄) သိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[B.Sc (Biochemistry)]၊မဟာသိပ္ပံဘွဲ့ (ဇီဝဓာတုဗေဒ) [M.Sc (Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

( င ) ပညာအရည်အချင်းအတွက် ဘွဲ့/ မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

( စ ) (၂) လ အတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓါတ်ပုံ နှစ်ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( ဈ )အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၄-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၃၇၆၃ | ဗန်းမော် | - | ၀၇၄-၅၀၂၈၆ |
| လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ | မြဝတီ | - | ၀၅၈-၅၀၀၂၄ |
| ဘားအံ | - | ၀၅၈-၂၁၈၀၈ | ဟားခါး | - | ၀၇၀-၂၁၈၀၉ |
| မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ |
| စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ | မောင်တော | - | ၀၄၃-၅၅၀၂၁ |

| | | | | | |
|---|---|---|---|---|---|
| လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | - | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | - | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ |
| မုံရွာ | - | ၀၇၁-၂၁၁၆၁ | တမူး | - | ၀၇၃-၄၀၀၀၇ |
| မြိတ် | - | ၀၅၉-၄၁၀၀၂ | ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ |
| ကော့သောင်း | - | ၀၅၉-၅၁၀၀၅ | ပဲခူး | - | ၀၂၅-၆၅၄၅၅ |
| မကွေး | - | ၀၆၃-၂၈၇၁၆ | မန္တလေး | - | ၀၂-၄၀၇၀၃၂၇ |
| ပုသိမ် | - | ၀၄၂-၂၁၀၀၈ | နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့်နီးစပ်ရာ အထက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများ နှင့်အတူ **လူကိုယ်တိုင်** လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန် သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်း နှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www. customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာ ပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) နှင့် အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်းကျပ် ၁၈၀,၀၀၀- ၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန် ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ် ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန် ပေးအပ်သွားမည် ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များ ဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမား

မှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**